**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**မူပိုင်ခွင့်ဦးစီးဌာန**

**ကြေညာချက်အမှတ် (၂ / ၂၀၂၄)**

**၁၃၈၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၁ ရက်**

**(၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်)**

မူပိုင်ခွင့်ဦးစီးဌာနသည် စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ ပုဒ်မ ၈၆ ပုဒ်မခွဲ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤကြေညာချက်ကို ထုတ်ပြန်လိုက်သည်။

**စက်မှုဒီဇိုင်းမှတ်ပုံတင်လျှောက်ထားရန်ကိစ္စနှင့်စပ်လျဉ်းသည့်ကြေညာချက်**

၁။ စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ၊ စက်မှုဒီဇိုင်းမှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေများနှင့်အညီ စက်မှုဒီဇိုင်းမှတ်ပုံတင်လျှောက်ထားခြင်းများကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှ စတင်၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာနတွင် လျှောက်ထားနိုင်မည်ဖြစ်ပါသည်။

၂။ စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ ပုဒ်မ ၃၉ နှင့် ၄၀ ပါ ဦးစားပေးအခွင့်အရေးနှင့် ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေး လျှောက်ထားလိုသူများသည် စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေပုဒ်မ ၃၉ နှင့် ၄၀ ပါ ကာလသတ်မှတ်ချက်အတွင်း အကျုံးဝင်ပါက ဦးစားပေးအခွင့်အရေးတောင်းဆိုလျှောက်ထားခြင်းကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှစတင်၍ လျှောက်ထားနိုင်မည်ဖြစ်ပါသည်။

၃။ စက်မှုဒီဇိုင်းမှတ်ပုံတင်လျှောက်ထားခြင်းကို ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ မူပိုင်ခွင့်ဦးစီးဌာနအောက်ရှိ လျှောက်လွှာလက်ခံဌာန နေပြည်တော်(ရုံးချုပ်)၊ အောက်မြန်မာပြည်ရုံးခွဲ(ရန်ကုန်)နှင့် အထက်မြန်မာပြည်ရုံးခွဲ (မန္တလေး) တို့တွင် လာရောက်လျှောက်ထားခြင်းဖြင့်လည်းကောင်း၊ ဦးစီးဌာနက သတ်မှတ်ထားသည့် အီလက်ထရောနစ်မှတ်ပုံတင်စနစ်ဖြင့်လည်းကောင်း လျှောက်ထားနိုင်မည်ဖြစ်ပါသည်။

၄။ လျှောက်ထားသူများသည် လျှောက်လွှာလက်ခံဌာနသို့ စက်မှုဒီဇိုင်းမှတ်ပုံတင် လျှောက်ထားရာတွင် စက်မှုဒီဇိုင်းထုတ်ကုန်များ သို့မဟုတ် ထုတ်ကုန်တွင် အသုံးပြုထားသည့် စက်မှုဒီဇိုင်းများသည် လိုကာနိုသဘောတူညီချက်တွင် ဖော်ပြထားသည့် အပြည်ပြည်ဆိုင်ရာ စက်မှုဒီဇိုင်းအမျိုးအစား ခွဲခြားသတ်မှတ်ခြင်း သဘောတူညီချက်ပါ အမျိုးအစားတစ်ခုတည်းတွင် အကျုံးဝင်ပါက

စက်မှုဒီဇိုင်းအရေအတွက် (၁၀၀) အထိ လျှောက်လွှာ တစ်စောင်တည်းတွင် လျှောက်ထားနိုင်မည်ဖြစ်ပါသည်။ အီလက်ထရောနစ်မှတ်ပုံတင်စနစ် (WIPOFile System) ဖြင့် စက်မှုဒီဇိုင်းမှတ်ပုံတင်လျှောက်ထားမည်ဆိုပါက လျှောက်လွှာတစ်စောင်တွင် စက်မှုဒီဇိုင်းတစ်ခုကိုသာ လျှောက်ထားနိုင်မည်ဖြစ်ပါသည်။

၅။ စက်မှုဒီဇိုင်းမှတ်ပုံတင်လျှောက်ထားရာတွင် လျှောက်ထားသည့် စက်မှုဒီဇိုင်းအရေအတွက်အလိုက် သတ်မှတ်ထားသောအခကြေးငွေကို ပေးသွင်းရမည်ဖြစ်ပါသည်။ လျှောက်ထားချက်တွင် ထုတ်ပြန်ကြေညာခြင်းကို ရွှေ့ဆိုင်းလိုကြောင်း တောင်းဆိုထားပါက ထုတ်ပြန်ကြေညာခြင်းကို ရွှေ့ဆိုင်းခြင်းအတွက် သတ်မှတ်ထားသော အခကြေးငွေကိုပါ ထပ်မံပေးသွင်းရမည်ဖြစ်ပါသည်။

၆။ လျှောက်ထားသူများသည် အီလက်ထရောနစ်မှတ်ပုံတင်စနစ် (WIPOFile System) ဖြင့် စက်မှုဒီဇိုင်းမှတ်ပုံတင်လျှောက်ထားရာတွင် အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(က) စက်မှုဒီဇိုင်းမှတ်ပုံတင်လျှောက်ထားခြင်းအတွက် အီလက်ထရောနစ်မှတ်ပုံတင်စနစ် (WIPOFile System) တွင် ဖော်ပြထားသည့် အချက်အလက်များကို ပြည့်စုံစွာ ဖြည့်သွင်းရမည်။

(ခ) စက်မှုဒီဇိုင်းမှတ်ပုံတင်လျှောက်ထားချက်များအတွက် သတ်မှတ်ထားသည့် အခကြေးငွေကို WIPOFile System မှတစ်ဆင့် အီလက်ထရောနစ် ငွေပေးချေမှုနည်းလမ်း (E-Payment) ဖြင့် ပေးသွင်းရမည်။

(ဂ) ကိုယ်စားလှယ်ခန့်အပ်လွှာ (ID - 2) ကို ပြည့်စုံစွာ ဖြည့်စွက်၍ ပူးတွဲတင်ပြရမည်။

(ဃ) စက်မှုဒီဇိုင်းမှတ်ပုံတင်ခြင်းဆိုင်ရာ ကိုယ်စားလှယ်သင်တန်း အောင်လက်မှတ်မိတ္တူကို ပူးတွဲတင်ပြရမည်။

(င) စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ၊ စက်မှုဒီဇိုင်းမှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေနှင့် ဦးစီးဌာနက သတ်မှတ်ထားသော အခြားလိုအပ်သော အထောက်အထားများကိုလည်း ပူးတွဲတင်ပြရမည်။ **(ပူးတွဲတင်ပြရမည့် အထောက်အထားများကို နောက်ဆက်တွဲဖြင့် ဖော်ပြထားပါသည်။)**

၇။ လျှောက်ထားသူများသည် လျှောက်လွှာလက်ခံဌာနသို့ စက်မှုဒီဇိုင်းမှတ်ပုံတင်လျှောက်ထားရာတွင် အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(က) စက်မှုဒီဇိုင်းမှတ်ပုံတင်လျှောက်ထားခြင်း လျှောက်လွှာပုံစံ ID - 1 ကို ပြည့်စုံစွာ ဖြည့်စွက်၍ လျှောက်ထားရမည်။

(ခ) ကိုယ်စားလှယ်ဖြင့် လျှောက်ထားခြင်းဖြစ်ပါက ကိုယ်စားလှယ်ခန့်အပ်လွှာ ID–2 ကို ပြည့်စုံစွာဖြည့်စွက်၍ လျှောက်လွှာပုံစံ ID –1 နှင့်အတူ ပူးတွဲတင်ပြရမည့်အပြင် စက်မှုဒီဇိုင်းမှတ်ပုံတင်ခြင်းဆိုင်ရာ ကိုယ်စားလှယ် သင်တန်းအောင်လက်မှတ် မိတ္တူကိုပါ ပူးတွဲတင်ပြရမည်။

(ဂ) စက်မှုဒီဇိုင်းမှတ်ပုံတင်ခြင်းကို ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ မူပိုင်ခွင့်ဦးစီးဌာနသို့ လာရောက်လျှောက်ထားခြင်းဖြစ်လျှင် သတ်မှတ်ထားသော အခကြေးငွေကို စက်မှုဒီဇိုင်းမှတ်ပုံတင် လျှောက်ထားချက် လက်ခံသည့်ဌာနတွင် Point–of–Sale (POS) စနစ်ဖြင့် ပေးဆောင်၍ ပေးသွင်းပြီးကြောင်း အထောက်အထားပြေစာကို ပူးတွဲတင်ပြရမည်။

(ဃ) စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ၊ စက်မှုဒီဇိုင်းမှတ်ပုံတင်ခြင်းဆိုင်ရာနည်းဥပဒေ နှင့် ဦးစီးဌာနက သတ်မှတ်ထားသော အခြားလိုအပ်သော အထောက်အထားများကိုလည်း ပူးတွဲတင်ပြရမည်။ **(ပူးတွဲတင်ပြရမည့် အထောက်အထားများကို နောက်ဆက်တွဲဖြင့် ဖော်ပြထားပါသည်။)**

၈။ စက်မှုဒီဇိုင်းမှတ်ပုံတင်လျှောက်ထားချက်နှင့်အတူ ပူးတွဲပါရှိသည့် စာရွက်စာတမ်းများ ကို မြန်မာဘာသာ သို့မဟုတ် အင်္ဂလိပ်ဘာသာဖြင့် တင်ပြရမည်။ မြန်မာဘာသာ သို့မဟုတ် အင်္ဂလိပ်ဘာသာဖြင့် ဖော်ပြထားခြင်းမဟုတ်သော စာရွက်စာတမ်းဖြစ်ပါက မြန်မာဘာသာ သို့မဟုတ် အင်္ဂလိပ်ဘာသာသို့ ဘာသာပြန်ဆိုပေးရမည်။ ထိုဘာသာပြန်ဆိုချက်သည် တိကျမှန်ကန်ကြောင်း ခံဝန်ချက်ကို လျှောက်ထားသူ သို့မဟုတ် ၎င်း၏ကိုယ်စားလှယ်က လက်မှတ်ရေးထိုးပေးရမည်။

၉။ ဦးစီးဌာနက သတ်မှတ်ထားသော အီလက်ထရောနစ်မှတ်ပုံတင်စနစ် (WIPOFile System) မှတစ်ဆင့် လျှောက်ထားလိုသူများသည် စက်မှုဒီဇိုင်းမှတ်ပုံတင်ခြင်းဆိုင်ရာ ကိုယ်စားလှယ်သင်တန်းတက်ရောက်ပြီး၍ WIPOFile user account ရရှိထားသော ကိုယ်စားလှယ်မှတစ်ဆင့် လျှောက်ထားနိုင်သည်။

၁၀။ ကိုယ်စားလှယ်အဖြစ်ဆောင်ရွက်မည့်သူသည် မြန်မာနိုင်ငံအတွင်းတွင် နေထိုင်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြား ကိုင်ဆောင်ထားသည့် အသက် ၁၈ နှစ်ပြည့်ပြီးသူ၊ စက်မှုဒီဇိုင်း မှတ်ပုံတင်ခြင်းဆိုင်ရာ ကိုယ်စားလှယ်သင်တန်းအောင်မြင်ကြောင်း အသိအမှတ်ပြုလက်မှတ်ရရှိထားသူ၊ ဝန်ကြီးဌာနက သတ်မှတ်ထားသော အရည်အချင်းနှင့်ပြည့်မီသူဖြစ်ရမည်။

၁၁။ ကိုယ်စားလှယ်ခန့်အပ်ဆောင်ရွက်ရာတွင် ကိုယ်စားလှယ်ခန့်အပ်သူသည် နိုင်ငံတော်တွင် အမြဲတမ်းနေထိုင်သူ မဟုတ်လျှင် သို့မဟုတ် ပြည်ပနိုင်ငံတွင် နေထိုင်သူဖြစ်လျှင် ၎င်းတို့၏ အမြဲတမ်းနေထိုင်သည့် နိုင်ငံ သို့မဟုတ် တရားဝင်လုပ်ငန်းတည်ရှိရာနိုင်ငံ၌ နိုတြီပဗ္ဗလစ်က မှန်ကန်ကြောင်းထောက်ခံထားသည့် လျှောက်လွှာပုံစံ ID – 2 မိတ္တူမှန်ကိုလည်း ပူးတွဲတင်ပြရမည်။

၁၂။ စက်မှုဒီဇိုင်းမှတ်ပုံတင်လျှောက်ထားချက်များသည် သတ်မှတ်ထားသည့် အခကြေးငွေ ပေးသွင်းပြီး အောက်ဖော်ပြပါအခြေခံလိုအပ်ချက်များ ပြည့်စုံပါက စက်မှုဒီဇိုင်းမှတ်ပုံတင် လျှောက်ထားချက်တင်သွင်းသည့်နေ့ (Filing Date) အဖြစ် ရရှိမည်ဖြစ်သည်–

(က) မှတ်ပုံတင်ပေးရန် တောင်းဆိုချက်(ID –1)၊

(ခ) လျှောက်ထားသည့်ပုဂ္ဂိုလ် သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်း၏ အမည်နှင့် နေရပ်လိပ်စာ၊

(ဂ) ကိုယ်စားလှယ်လွှဲအပ်၍ လျှောက်ထားခြင်းဖြစ်လျှင် ကိုယ်စားလှယ်၏အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ ကိုယ်စားလှယ်ခန့်အပ်လွှာ (ID–2)နှင့် စက်မှုဒီဇိုင်းမှတ်ပုံတင်ခြင်းဆိုင်ရာ ကိုယ်စားလှယ် သင်တန်းအောင် လက်မှတ်မိတ္တူ။

(ဃ) စက်မှုဒီဇိုင်း၏ရှင်းလင်းပြည့်စုံသော ဖော်ပြချက်၊

(င) စက်မှုဒီဇိုင်းပါရှိသည့် သို့မဟုတ် စက်မှုဒီဇိုင်းဖြင့် ရုပ်လုံးဖော်ထားသည့် ထုတ်ကုန်များ၏အညွှန်း။

**မူပိုင်ခွင့်ဦးစီးဌာန**

**စက်မှုဒီဇိုင်းမှတ်ပုံတင်လျှောက်လွှာပုံစံ(ID–1)နှင့်အတူ ပူးတွဲတင်ပြရမည့် အချက်အလက်များ**

| စဉ် | ပူးတွဲတင်ပြရမည့်အချက်အလက်များ |
|---|---|
| ၁။ | လျှောက်ထားသူတစ်ဦးထက်ပိုပါက အခြားသောလျှောက်ထားသူများ၏ အချက်အလက်များအား ပူးတွဲတင်ပြရမည်။ |
| ၂။ | ကိုယ်စားလှယ်ဖြင့် လျှောက်ထားခြင်းဖြစ်ပါက ကိုယ်စားလှယ်ခန့်အပ်လွှာ ID – 2 နှင့်အတူ စက်မှုဒီဇိုင်းမှတ်ပုံတင်ခြင်းဆိုင်ရာ ကိုယ်စားလှယ်သင်တန်း အောင်လက်မှတ်မိတ္တူကိုပါ ပူးတွဲတင်ပြရမည်။ |
| ၃။ | လျှောက်ထားသူသည် ဖန်တီးသူ မဟုတ်ပါက "စက်မှုဒီဇိုင်း မှတ်ပုံတင်လျှောက်ထားခွင့်ရှိသူဖြစ်ကြောင်းဖော်ပြချက်" ID – 1a လျှောက်လွှာပုံစံအား ပူးတွဲ တင်ပြရမည်။ |
| ၄။ | စက်မှုဒီဇိုင်းဖော်ပြချက်ကို A4 စာရွက်ဖြင့် ပူးတွဲတင်ပြရမည်။ |
| ၅။ | ဦးစားပေးအခွင့်အရေးတောင်းဆိုလျှောက်ထားပါက ယခင်လျှောက်ထားချက် မိတ္တူမှန် ကိုတင်ပြရမည်။ အဆိုပါမိတ္တူမှန်ကို "ပူးတွဲတင်ပြမည်" ဟု ID – 1 တွင် အမှတ်အသားပြုခဲ့ပါက ID – 1 နှင့်အတူ ပူးတွဲတင်ပြရမည်။ "လျှောက်ထားသည့်နေ့မှ သုံးလအတွင်း ပေးပို့ပါမည်" ဟု အမှတ်အသားပြုခဲ့ပါက အဆိုပါမိတ္တူမှန်ကို လျှောက်ထားသည့်နေ့မှ ၃ လ အတွင်း တင်ပြရမည်။ |
| ၆။ | ဦးစားပေးအခွင့်အရေးတောင်းဆိုလျှောက်ထားချက်နှင့်စပ်လျဉ်း၍ လျှောက်ထားသူသည် ယခင်လျှောက်ထားချက်တွင် ပါရှိသည့် လျှောက်ထားသူမဟုတ်လျှင် ယခင်လျှောက်ထားသူက ဦးစားပေးအခွင့်အရေးကို လွှဲပြောင်းထားသည့် စာရွက်စာတမ်းအထောက်အထားများကို ပူးတွဲတင်ပြရမည်။ |
| ၇။ | ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေးတောင်းဆိုလျှောက်ထားပါက စက်မှုဒီဇိုင်းကိုကုန်စည်ပြပွဲတွင် အမှန်တကယ် ထုတ်ဖော်ပြသခဲ့ကြောင်း ကုန်စည်ပြပွဲဆိုင်ရာအာဏာပိုင်များမှ ထုတ်ပေးသော အသိအမှတ်ပြုအထောက်အထားကို တင်ပြရမည်။ အဆိုပါ အထောက်အထားကို ID – 1 တွင် "ပူးတွဲတင်ပြမည်" ဟု အမှတ်အသားပြုခဲ့ပါက ID – 1 နှင့်အတူ ပူးတွဲတင်ပြရမည်။ "လျှောက်ထားသည့်နေ့မှ သုံးလအတွင်း ပေးပို့ပါမည်" ဟု အမှတ်အသားပြုခဲ့ပါက အဆိုပါအထောက်အထားကို လျှောက်ထားသည့်နေ့မှ ၃ လ အတွင်း တင်ပြရမည်။ |
| ၈။ | ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေး တောင်းဆိုလျှောက်ထားရာတွင် ကုန်စည်ပြပွဲစတင်ပြသသည့်နေ့ရက် နှင့် ယင်းကုန်စည်ပြပွဲတွင် စက်မှုဒီဇိုင်းကို ပထမဆုံးအများပြည်သူသို့ ခင်းကျင်းပြသသည့်နေ့ရက်သည် မတူညီလျှင် အဆိုပါနေ့ရက် အသီးသီးအတွက် အထောက်အထားများကို ပူးတွဲတင်ပြရမည်။ |

| | |
|---|---|
| ၉။ | ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေး တောင်းဆိုလျှောက်ထားရာတွင် လျှောက်ထားသူသည် ကုန်စည်ပြပွဲတွင် စက်မှုဒီဇိုင်းကို ပထမဆုံးအများပြည်သူသို့ ခင်းကျင်း ပြသသူမဟုတ်လျှင် ယင်းကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေးကို ကုန်စည်ပြပွဲတွင် စက်မှုဒီဇိုင်းကို ပထမဆုံး အများပြည်သူသို့ ခင်းကျင်းပြသသူက လွှဲပြောင်းထားသည့် စာရွက်စာတမ်း အထောက်အထားများကို ပူးတွဲတင်ပြရမည်။ |
| ၁၀။ | သတ်မှတ်ချက်နှင့်အညီ ပေးသွင်းပြီးဖြစ်သော ငွေသွင်းပြေစာအား ပူးတွဲတင်ပြရမည်။ |
| ၁၁။ | လျှောက်ထားသူ တစ်ဦးထက်ပိုသော လျှောက်ထားချက်ဖြစ်လျှင် လျှောက်ထားသူအားလုံး၏ ကိုယ်စားတစ်ဦးကသာ လက်မှတ်ရေးထိုးဆောင်ရွက်ရန် ၎င်းတို့အကြားသဘောတူထားသည့် အထောက်အထားမိတ္တူမှန်ကို ပူးတွဲတင်ပြရမည်။ |
| ၁၂။ | တရားဝင်ဖွဲ့စည်းထားသောအဖွဲ့အစည်းအနေဖြင့် လျှောက်ထားခြင်းဖြစ်ပါက အဖွဲ့အစည်း၏ ကိုယ်စား လက်မှတ်ရေးထိုးဆောင်ရွက်ရန် ၎င်းတို့အကြား သဘောတူထားသည့် အထောက်အထားမိတ္တူမှန်ကို ပူးတွဲတင်ပြရမည်။ |
| ၁၃။ | လျှောက်ထားသူသည် နိုင်ငံတော်တွင် အမြဲတမ်းနေထိုင်သူမဟုတ်လျှင် သို့မဟုတ် ပြည်ပနိုင်ငံတွင် နေထိုင်သူဖြစ်ပါက ၎င်းတို့၏အမြဲတမ်း နေထိုင်သည့်နိုင်ငံ သို့မဟုတ် တရားဝင်လုပ်ငန်း တည်ရှိရာနိုင်ငံ၌ နိုတြီပဗ္ဗလစ်က မှန်ကန်ကြောင်း ထောက်ခံထားသည့် ကိုယ်စားလှယ်ခန့်အပ်လွှာ (ID – 2) မိတ္တူမှန်ကို ပူးတွဲတင်ပြရမည်။ |
| ၁၄။ | လျှောက်ထားသူသည် စက်မှုဒီဇိုင်းတွင် သက်ရှိထင်ရှား ပုဂ္ဂိုလ်များ၏အမည် သို့မဟုတ် ရုပ်ပုံများကို အသုံးပြုထားပါက အဆိုပါပုဂ္ဂိုလ်၏ သဘောတူညီချက်ကို ပူးတွဲတင်ပြရမည်။ |
| ၁၅။ | လျှောက်ထားသူသည် စက်မှုဒီဇိုင်းတွင် ကွယ်လွန်ပြီးသော ပုဂ္ဂိုလ်၏အမည် သို့မဟုတ် ရုပ်ပုံများကို အသုံးပြုထားပါက ၎င်း၏တရားဝင် ကိုယ်စားလှယ် သို့မဟုတ် အမွေဆက်ခံသူ၏ သဘောတူညီချက်ကို ပူးတွဲတင်ပြရမည်။ |
| ၁၆။ | လျှောက်ထားသူသည် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းဖြစ်ပါက အဖွဲ့အစည်း မှတ်ပုံတင်လက်မှတ်မိတ္တူအား ပူးတွဲတင်ပြရမည်။ |